အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ဖွဲ့စည်းတည်ထောင်ခြင်း နှစ် (၂၀) ပြည့် အထိမ်းအမှတ် သဘောထားထုတ်ပြန်ချက်

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်

တရားမျှတရေး၊ ငြိမ်းချမ်းရေး၊ အားလုံးအတွက် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်တို့ကို ဖော်ဆောင်ပေးနိုင်မည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး လှုပ်ရှားဆောင်ရွက်မှုများတွင် အမျိုးသမီးထုအင်အားဖြင့် တစ်စုတစ်စည်းတည်း စုပေါင်းပါဝင်ဆောင်ရွက်ရန် အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) ကို ဖွဲ့စည်းတည်ထောင်ပြီး စတင်လှုပ်ရှားဆောင်ရွက်လာခဲ့သည်မှာ ယနေ့တွင် နှစ် (၂၀) ပြည့်ခဲ့ပြီဖြစ်သည်။

အဖွဲ့ချုပ် စတင်ဖွဲ့စည်းခဲ့စဉ်ကစ၍ လိင်ကွဲပြားမှုအပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှုများ ပပျောက်ရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေးနှင့် ဆုံးဖြတ်ချက် ချမှတ်သည့် အဆင့်တိုင်းတွင် အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်ရေးအပါအဝင် လူ့အခွင့်အရေးနှင့် တရားမျှတရေးအတွက် တစိုက်မတ်မတ် လှုပ်ရှားဆောင်ရွက်လာခဲ့ပါသည်။

ထို့အပြင် ပြည်တွင်းစစ်၏ အရင်းအမြစ်များဖြစ်သော တိုင်းရင်းသား တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်များ ဆုံးရှုံးနေခြင်းကို ဖြေရှင်းပေးနိုင်မည့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး ကြိုးပမ်းမှုများတွင်လည်း အစဉ်တစိုက် ပါဝင်လုပ်ဆောင်လာခဲ့သည့် အမျိုးသမီး နိုင်ငံရေးအဖွဲ့အစည်း ဖြစ်သည်။

ပြည်တွင်းစစ်အတွင်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို စစ်လက်နက်သဖွယ်အသုံးပြုခဲ့သည့်၊ လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်ခဲ့သည့် တာဝန်ရှိသူများကို နိုင်ငံတကာဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် စဉ်ဆက်မပြတ် စည်းရုံးလှုံ့ဆော်ခဲ့ကြသည်။

သို့ပါ၍ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် လူမျိုးတုန်းသတ်ဖြတ်မှုကို ကျူးလွန်ခြင်းရှိ၊ မရှိ (Geneva Convention ကို ချိုးဖောက်ခြင်းရှိ၊ မရှိ) ကို နိုင်ငံတကာတရားရုံး International Court of Justice တွင် ရင်ဆိုင်ဖြေရှင်းရာ၌ အမှန်တရားကိုအခြေခံ၍ ရင်ဆိုင်ဖြေရှင်းရမည်ဖြစ်သည်။ ဤသို့ဖြေရှင်းရာတွင်လည်း အမှန်တကယ် ကျူးလွန်သူများကိုသာ အပြစ်ပေးအရေးယူခြင်းဖြစ်သင့်သည်။ လူမျိုးတုန်းသတ်ဖြတ်မှုကို အမှန်တကယ် ကျူးလွန်သည်ဟု ပေါ်ပေါက်ခဲ့ပါက မိမိတို့အဖွဲ့ချုပ်အနေဖြင့် နစ်နာခဲ့ရသူများအတွက် တရားမျှတမှုရရှိရေး ဘက်မှ ရပ်တည်သွားမည် ဖြစ်သည်။

လက်ရှိအစိုးရသည် တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရေးတို့ကို ဦးစားပေးဆောင်ရွက်သွားမည်ဟု ကြွေးကြော်ခဲ့သော်လည်း နိုင်ငံတဝှမ်းလုံးတွင် ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် အရေးယူတုန့်ပြန်ခြင်းမရှိပဲ ရေငုံနှုတ်ဆိတ်နေခြင်းသည် လူ့အခွင့်အရေးချိုးဖောက်သူများကို ပြစ်ဒဏ်မှဆက်လက်ကင်းလွတ်စေခြင်း ဖြစ်သည်ဟု မိမိတို့အနေဖြင့် ယူဆသည်။

ဤလုပ်ရပ်သည် တရားဥပဒေစိုးမိုးရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးတို့ အတွက် အဟန့်အတားဖြစ်စေသည့်အပြင် ထိုလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ရာတွင် ပိုမို ခက်ခဲစေသည့် ရွေးချယ်မှုဖြစ်သည်ဟု မိမိတို့မှ သုံးသပ်သည်။

**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)**
**WOMEN'S LEAGUE OF BURMA**

ပြည်တွင်းစစ် ရပ်တန့်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးတည်ဆောက်ရန် အမှန်တကယ် ဆန္ဒရှိပါက အရပ်သား ပြည်သူလူထုတို့ကို ပစ်မှတ်ထား ခြိမ်းခြောက်နေခြင်းများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကျူးလွန်နေသူများ ပြစ်ဒါဏ်မှ ကင်းလွတ်ခွင့်ပေးထားခြင်းကို ရပ်တန့်ပြီး တရားမျှတမှု ဖော်ဆောင်ရန် လိုအပ်ပါသည်။

ထို့အပြင် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တလာခဲ့ကြသည့် တိုင်းရင်းသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အာမခံသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရန် ပြည်တွင်းစစ်ပဋိပက္ခတွင် ပါဝင်နေကြသည့် အဖွဲ့အစည်းများအားလုံးတွင် တာဝန်ရှိသည်။ ထိုသို့သော နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရေးအတွက် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဖြစ်ပွားနေသည့် တိုက်ပွဲများကို ရပ်တန့်ရန်လိုအပ်ပါသည်။

မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံနေခြင်းများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ဖော်ထုတ်သွားမည်ဖြစ်ပြီး ကျူးလွန်ခံရသူများအတွက် တရားမျှတမှုရရှိရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ လူတိုင်းအတွက် လူ့အခွင့်အရေး၊ တရားမျှတရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် ဆက်လက်လှုပ်ရှား ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အပြင် တိုင်းရင်းသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်တို့ကို အာမခံသည့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး လုပ်ငန်းများတွင်လည်း မိမိတို့ အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ ရည်ရွယ်ချက်၊ စံတန်ဖိုးများနှင့် တူညီသည့် အဖွဲ့အစည်းများနှင့်အတူ ဆက်လက် ကြိုးပမ်း ဆောင်ရွက်သွားရန် သံမိဌာန်ချမှတ်ထားကြောင်း ယနေ့ အဖွဲ့ချုပ် ဖွဲ့စည်းတည်ထောင်ခြင်း နှစ် (၂၀) ပြည့် အထိမ်းအမှတ်တွင် ထုတ်ပြန်ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်**

၁။ နော်ဆဲဆဲ - အထွေထွေအတွင်းရေးမှူး

၀၉ ၇၈၂၇ ၁၅၃၅၆

၂။ မူအယ်မာရီ - မူဝါဒရေးရာ ဦးဆောင်အဖွဲ့ဝင်

၀၉ ၄၂၈၃၆ ၀၄၀၁၁